လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** August 2023

# မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့** **နေပြည်တော်**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ (၁၀)နှစ် ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် (၀၉:၀၀) နာရီအချိန်က နေပြည်တော်၊ Horizon Lake View ဟိုတယ်၊ သရဖီခန်းမ၌ ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း၏ ဂုဏ်ထူးဆောင်နာယကဒေါ်ကြူကြူလှနှင့် အကြီးအကဲ (၂) ဦး၏ ဇနီးတို့က တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၁၉၉၅ ခုနှစ် ဘေဂျင်းကြေညာစာတမ်းအရ အမျိုးသမီးများအား ကဏ္ဍစုံလုပ်ငန်းနယ်ပယ်အသီးသီးတွင် ပါဝင်ခွင့်ရရှိစေရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းအနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှာ အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ဆောင်ရွက်ပေးနေသလို ပြည်ထောင်စုအဆင့်မှာသာမက လက်ရှိဖွဲ့စည်းထားပြီးဖြစ်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်တို့မှာလည်း အမျိုးသမီးများနှင့် ကလေးသူငယ်

များ ဘဝမြှင့်တင်ရေးအသင်းအဖွဲ့များဖွဲ့စည်းပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါကြောင်း၊ လက်ရှိနိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်လည်း အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် (၁၇) ခုအနက်မှ ပန်းတိုင် (၅)ဖြစ်သည့် "ကျား၊ မ တန်းတူညီမျှမှုကို ရရှိရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားလုံးကိုစွမ်းဆောင်ရည်မြှင့်တင်ရန်" ဆိုသည့် ရည်မှန်းချက်နှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် အာဆီယံအသိုက်အဝန်း မဏ္ဍိုင် (၃) ခု အောက်ရှိ ကဏ္ဍပေါင်းစုံမှ အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ASEAN Gender Mainstreaming Strategic Framework- AGMSF (2021-2025)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း ဤအသင်းက ပါဝင်လျက်ရှိပါကြောင်းပြောကြားခဲ့ပါသည်။




၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ထုတ်ပြန်စာရင်းတွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၅၅.၈ သန်းရှိပြီး၊ အမျိုးသားဦးရေ ၂၆.၇ သန်းနှင့် အမျိုးသမီးဦးရေမှာ ၂၉.၁ သန်းရှိသောကြောင့် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ၂ သန်း ကျော်ပိုမိုများပြားလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အမျိုးသမီး စွမ်းအားစုကြီး၏ စွမ်းဆောင်ပါဝင်မှုကို ထိထိရောက်ရောက်ရယူနိုင်ရန်လိုအပ်သကဲ့သို့ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် ပါဝင်သည့် အမျိုးသမီးအဖွဲ့များအားလုံးက စုစည်းညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။



ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက ကြိုဆို နှုတ်ခွန်းဆက် စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်းလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသပါသည်။





ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းမှုများကို ဂုဏ်ပြုမှတ်တမ်းတင်ကြေညာခဲ့ပါသည်။

အစီအစဉ်ဒုတိယပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် အသင်းဝင်များ၊ တာဝန်ရှိသူများနှင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်ပြဋ္ဌာန်းလိုက်သော အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ အသိပညာပေးအစီအစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆွေးနွေးပြောကြားခဲ့ကြပါကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘားအံမြို့၊ ကျိုက်ဒိုးမြို့များရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း



**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ ဘားအံမြို့၊ ကျိုက်ဒိုးမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၉)ရက်နေ့တွင် ဘားအံမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသော ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေး၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း



**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ — လှိုင်းဘွဲ့မြို့၊ ဘားအံမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့တွင် လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း CMIS Database Training လက်တွေ့ အသုံးပြုခြင်းသင်တန်း ဖွင့်ပွဲသို့ တက်ရောက်ခြင်း




**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ — နေပြည်တော်**

လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System - SMIS)၏ အစိတ်အပိုင်း တစ်ခုဖြစ်သော ဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်(Case Management Information System-CMIS) Software Digital Platform ကို အသုံးပြု၍ **"CMIS Database Training** လက်တွေ့အသုံးပြုခြင်း သင်တန်း**"** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ သတင်းနည်းပညာဌာနမှ တာဝန်ရှိသူများနှင့် ရုံးချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား/သူစုစုပေါင်း (၇၀) ဦးတက်ရောက်ခဲ့ပြီး၊ သင်တန်းကို (၁၄.၈.၂၀၂၃) ရက်နေ့မှ (၁၈.၈.၂၀၂၃) ရက်နေ့ထိ (၅) ရက်တာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Martin Griffiths လာရောက်တွေ့ဆုံခြင်း




**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူး Mr. Martin Griffiths ဦးဆောင်သောအဖွဲ့သည် (၁၅-၈-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးMr. Ramanathan Balakrishnan၊ ရန်ကုန်မြို့ UNOCHA ရုံးအကြီးအကဲ Mr. Sajjad Mohammad Sajid နှင့် ဝန်ကြီးဌာနဘက်မှ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း




**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ နေပြည်တော်**

လူမှုရေးဆိုင်ရာ အသိပညာ မြင့်မားရေး မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို (၁၆-၈-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေး မွမ်းမံသင်တန်းကို လူမှုရေးဆိုင်ရာပညာရပ်နှင့် စပ်လျဉ်း၍ အသိပညာပိုမိုမြင့်မားလာစေရန်၊ လူမှုရေးပညာရပ်ကို အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်း အစီအစဉ်တို့ကို သိရှိနားလည်လာစေရန်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်တို့နှင့်အညီ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အသိပညာမြင့်မားရေးအပြင် ဝန်ထမ်းကောင်းတစ်ဦး ပီသစွာ ကျင့်ကြံ နေထိုင်ပြီး မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအဖွဲ့အစည်း၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်၊ ခံယူချက် မြင့်မားနေရန် လိုအပ်ကြောင်းနှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် ကောင်းမွန်သည့် လုပ်ဆောင်ချက်တို့ဖြင့် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ခြင်းအားဖြင့် ဦးစီးဌာန၏ လုပ်ငန်းစဉ်နှင့် ဝန်ကြီးဌာန၏ မူဝါဒတို့ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူ ပြုစေမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

# မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများအတွက် ဂျပန်နိုင်ငံ၊ တိုကျိုမြို့အခြေစိုက် Asia-Pacific Ladies Friendship Society (ALFS)အသင်းကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၊ မြန်မာသံရုံးများ၊ မိတ်ဖက်နိုင်ငံခြားကုမ္ပဏီများမှ လှူဒါန်းသည့် အလှူငွေများအား ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ — နေပြည်တော်**

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ဒေသများအတွက် မြန်မာသံရုံး၊ တိုကျိုမြို့မှတစ်ဆင့် တိုကျိုမြို့ အခြေစိုက် Asia-Pacific Ladies Friendship Society (ALFS) အသင်းကြီးက လှူဒါန်းသည့် ဂျပန်ယန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ မြန်မာသံရုံးများ၊ မိတ်ဖက်နိုင်ငံခြား ကုမ္ပဏီများမှလှူဒါန်းသည့် အလှူငွေ (နိုင်ငံခြားသုံးငွေ-၅ မျိုး) နှင့် မြန်မာကျပ်ငွေ လှူဒါန်းခြင်းအခမ်းအနားကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) တွင် (၂၂-၈-၂၀၂၃) ရက်နေ့၌ ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာ ယနေ့လှူဒါန်းမှုမှာ မြန်မာသံရုံး၊ တိုကျိုမြို့မှတစ်ဆင့် တိုကျိုမြို့ အခြေစိုက် Asia-Pacific Ladies Friendship Society (ALFS) အသင်းကြီးကလှူဒါန်းသည့် ဂျပန်ယန်း (၆၂၁,၀၀၀/-)နှင့်ညီမျှသည့် မြန်မာငွေကျပ်(၉,၃၁၅,၀၀၀/-) နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်ပရှိမြန်မာသံရုံး၊ မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ် ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းများ၊ ပြည်ပနိုင်ငံများရှိ မြန်မာ နိုင်ငံသားများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ လှူဒါန်း သည့် မြန်မာငွေကျပ်(၆)သိန်း၊ နိုင်ငံခြားငွေ(၅) မျိုးနှင့် ညီမျှသည့် မြန်မာငွေကျပ်(၈၃,၅၁၄,၀၀၀) ဖြစ်ပါကြောင်း

ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးက အလှူငွေများကို ပေးအပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်းများနှင့် ကလေးပြုစုရေးဌာနသို့ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ရင်သွေးရတနာ မူလတန်းကြိုကျောင်း၊ တော်ဝင်ရတနာ မူလတန်းကြိုကျောင်း၊ နေပြည်တော်ကလေးပြုစုရေးဌာနနှင့်အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်းတို့ကို သွားရောက်၍ ကလေးငယ်လေးများအား သင်ကြားလေ့ကျင့်နေမှု၊ ကျွေးမွေးစောင့်ရှောက်နေမှု၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်အခြေအနေနှင့် သင်ယူရာနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မူလတန်းကြိုကျောင်းများနှင့် ကလေးပြုစုရေးဌာနတို့ရှိ ဝန်ထမ်းများ၊ ကလေးများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ပြီး အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

MCCT လူမှုရေးပင်စင် လူမှုကာကွယ်စောင့်ရှောက်ရေး

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲဖြစ်သူ Mr. Dragan Aleksoski နှင့်တွေ့ဆုံခြင်း




**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းအား အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေး အဖွဲ့ (IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲဖြစ်သူ Mr. Dragan Aleksoski ဦးဆောင်သောအဖွဲ့သည် (၂၉-၈-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ၌ လာရောက် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှကျင်းပခဲ့သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း (နေပြည်တော်)

**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့** **နေပြည်တော်**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေး ဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ တတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကို ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့၊ နေ့လယ် (၁၃ : ၀၀) နာရီတွင် ကျင်းပခဲ့ပြီး အမျိုးသမီးများ

အားနည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးအဖွဲ့တွင် ပါဝင်သည့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ် (၂၈) ဦး တက်ရောက်ခဲ့ကြပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တတိယအကြိမ် CEDAW အစီရင်ခံစာမူကြမ်းအပေါ် အစည်းအဝေးတက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးကြပြီး လိုအပ်သည့် အချက်အလက်များအား ဖြည့်စွက်ပေးခဲ့ကြပါသည်။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ညနေ (၁၆ : ၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၌ ကျင်းပဖွင့်လှစ်သော " ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှုယန္တရားအား ပြည်သူသို့အသိပညာပေးခြင်းသင်တန်း "

**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့** **မွန်ပြည်နယ်**

မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ မော်လမြိုင်ခရိုင်၊ အမျိုးသမီးကော်မတီဝင်များအား ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှု ယန္တရားအား ပြည်သူသို့ အသိပညာပေးခြင်းသင်တန်းကို (၂၃.၈.၂၀၂၃) ရက်နေ့၊ နံနက် (၁၀:၃၀) နာရီတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း သဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း

(၃-၈-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသား/ကျောင်းသူ(၈၀)ဦးခန့်အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



(၃-၈-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ထားဝယ်ပညာရေးဒီဂရီကောလိပ်၌ ဆရာ/ ဆရာမများနှင့် သင်တန်းသား/ သင်တန်းသူ စုစုပေါင်း(၁၅၀) ဦးခန့်တို့အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်း စာစောင်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၃-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ (၁၂) ရပ်ကွက်၊ စန်းရွာပိုင်း၊ စန်းဂန္ဓာမာလမ်း၊ သာသနာ့ပါလဓမ္မာရုံတွင် ပြည်သူလူထု စုစုပေါင်း (၁၀၀) ဦးခန့်တို့အား သဘာဝဘေးအန္တရာယ် ဆိုင်ရာအသိပညာပေးဟောပြောခြင်း၊လက်ကမ်းစာစောင် များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၃-၈-၂၀၂၃) ရက်နေ့တွင် ပုလောမြို့နယ် ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား/ကျောင်းသူ(၁၅၀)ဦးခန့်အားသဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၄-၈-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ မဟာရွှေဂုဏ်ထူး ကိုယ်ပိုင်အထက်တန်းကျောင်း၌ကျောင်းသား/ကျောင်းသူ (၂၅၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိ ပညာပေးဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၄-၈-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ငွေပုလဲရပ်ကွက်၊ သံသရာအေး (ဘ.က) အလယ်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူ(၂၁၀)ဦး ခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများဆောင်ရွက်ခြင်း၊ ဘောပင်များဝေငှခြင်း၊

လက်ကမ်းစာစောင်များနှင့် မြေပြိုဘေး ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၉-၈-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ထားဝယ်မြို့နယ်၊ လူမှုဝန်ထမ်းမူကြိုကျောင်း၌ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အခြေခံသင်တန်း ဖွင့်လှစ်ခဲ့ပါသည်။



(၁၀-၈-၂၀၂၃) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့၊ အ.ထ.က (ဘဲဂရက်)ကျောင်း၌ ကျောင်းသား/ ကျောင်းသူ (၁၉၀) ဦးနှင့် ဆရာ/ ဆရာမများအား ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထောက်ပံ့ပေးမှုများ၊ သဘာဝဘေးနှင့်ပတ်သက်သော ဆောင်ရန်/ ရှောင်ရန်များ၊ မီးခိုးညစ်ညမ်းမှုအကြောင်းနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပလတ်စတစ်ညစ်ညမ်းမှုအကြောင်းသိကောင်းစရာများအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပါသည်။



(၁၁-၈-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား/ ကျောင်းသူ (၂၀၀) ဦးခန့် အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာ များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၄-၈-၂၀၂၃) ရက်နေ့တွင် နေပြည်တော် တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (အောင်သုခ) စာသင်ကျောင်းနှင့် ညောင်ပင်ကြီးစုကျေးရွာ (မူလွန်) စာသင်ကျောင်းတို့၌ ကျောင်းသား/ ကျောင်းသူ (၂၀၀) ဦးခန့်အား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်းစာစောင်များ၊ ခဲတံ/ စာအုပ်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။








(၁၅-၈-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ အ.မ.က(ဂုံမင်းကွင်း)စာသင်ကျောင်းနှင့် အ.မ.က (လယ်သာ) စာသင်ကျောင်းတို့၌ ကျောင်းသား/ကျောင်းသူ (၄၇၀)ဦးတို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်း စာစောင်များ၊ ခဲတံ/စာအုပ်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၆-၈-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ အ.လ.ကခွဲ(သာစည်)စာသင်ကျောင်းနှင့် အ.ထ.က (ပြည်စံအောင်) စာသင်ကျောင်းတို့၌ ကျောင်းသား/ ကျောင်းသူ (၃၂၀) ဦးတို့အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ လက်ကမ်းစာစောင်များ၊ ခဲတံ/စာအုပ်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၇-၈-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က (၉) စာသင်ကျောင်းနှင့် အ.ထ.က (၁၀) စာသင်ကျောင်း တို့၌ ကျောင်းသား/ကျောင်းသူ(၂၀၀)ဦးတို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ ပေးဟောပြောခြင်းများ၊ လက်ကမ်းစာစောင်များ၊ ခဲတံ/ စာအုပ်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၁၈-၈-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ဈေးကုန်း အ.လ.က (ခွဲ) စာသင်ကျောင်းနှင့် ဆင်သေအ.ထ.က (ခွဲ) စာသင်ကျောင်းတို့၌ကျောင်းသား/ကျောင်းသူ(၂၀၀)ဦးတို့အားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ၊

လက်ကမ်းစာစောင်များ၊ ခဲတံ/ စာအုပ်များနှင့် ဗီနိုင်း ပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၂၁-၈-၂၀၂၃) ရက်နေ့တွင် နေပြည်တော် တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စု နယ်မြေ၊ လယ်ဝေးမြို့နယ်၊ ကြို့ပင်အ.မ.ကစာသင်ကျောင်း နှင့် ကွေ့ကြီး အ.မ.က စာသင် ကျောင်းတို့၌ ကျောင်းသား/ ကျောင်းသူ(၁၆၆)ဦးတို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်းစာစောင် များ၊ ခဲတံ / စာအုပ်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၂၂-၈-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ Edu Park ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူ(၁၆၀)ဦး ခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်း ပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။




(၂၂-၈-၂၀၂၃) ရက်နေ့တွင် နေပြည်တော် တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စု နယ်မြေ၊ လယ်ဝေးမြို့နယ်၊ ပိတောက်ချောင် အ.လ.က စာသင်ကျောင်းနှင့် အောင်းကုန်း အ.ထ.က (ခွဲ) စာသင် ကျောင်းတို့၌ ကျောင်းသား/ ကျောင်းသူ (၂၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော ခြင်းများ၊ လက်ကမ်းစာစောင်များ၊ ခဲတံ/ စာအုပ်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၂၅-၈-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပန်းကွဲကော်ရန့်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူ(၁၁၀)ဦး ခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်း ပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၂၅-၈-၂၀၂၃) ရက်နေ့တွင် လပွတ္တာခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊လပွတ္တာမြို့နယ်၊ အမှတ်(၇)အခြေခံပညာမူလတန်းလွန် ကျောင်း၌ ဆရာ/ ဆရာမ (၃) ဦးနှင့် ကျောင်းသား/ကျောင်းသူ (၁၀၀) ဦးတို့အား သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်း စာစောင်များနှင့် ဗီနိုင်း ပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း မီးဘေးထောက်ပံ့မှုများ

(၂-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တို အနောက်ရပ်ကွက်၊ အမက (၁၃) မူလွန်ကျောင်းလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၇-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ သမိန်ဗရမ်းလမ်းနှင့် အနော်ရထာလမ်းထောင့်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးခဲ့သည့် လူနေအိမ် (၃) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၅) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၁,၅၀၀ိ/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၈-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။




(၅-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၁၃၃) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးခဲ့သည့် လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၃) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၇,၃၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၉-၈-၂၀၂၃) ရက်နေ့ တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်

ထောက်ပံ့ခဲ့ပါသည်။



(၇-၈-၂၀၂၃) ရက်နေ့တွင် လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာအုပ်စု၊ ကန်ဘက်ကျေးရွာ၊ ပေါက်တူးကွက်သစ်ရပ်ကွက်၊ ကြက်ခြေနီလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့်လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ (၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၉-၈-၂၀၂၃) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၈-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ယင်းမာလမ်းသွယ်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုး တို့ကို (၂၃-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မုပွန်ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ ကျပ် (၂,၁၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၁၈-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၀-၈-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ မင်းလမ်းကျေးရွာအုပ်စု၊ ပေကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို(၂၂-၈-၂၀၂၃)ရက်နေ့

တွင် ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၂-၈-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာ အုပ်စု၊ အိုးဘိုကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီး လူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၁)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၆,၈၀၀) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈) မျိုးတို့ကို (၂၃-၈-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း ရေဘေးထောက်ပံ့မှုများ

(၃-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ဒုံသမိချောင်း ရေမြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၁၈၀) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၇၈,၀၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်း တို့ကို (၄-၈-၂၀၂၃) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၅-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ဒုံသမိချောင်း ရေမြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၆၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၃၀,၂၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်း တို့ကို (၇-၈-၂၀၂၃) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၆-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ဒုံသမိချောင်း ရေမြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၈၆) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၈၀,၆၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်း တို့ကို (၉-၈-၂၀၂၃) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၇-၈-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ချောင်းငယ်ရပ်ကွက်၊ မြေမအုံကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘေးသင့်လူဦးရေ (၂၂၀)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄၆၂,၀၀၀) နှင့် ကယ်ဆယ်ရေးပစ္စည်းတို့ကို (၈-၈-၂၀၂၃) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။



(၁၇-၈-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၃၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆၇,၂၀၀) တို့ကို (၁၈-၈-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၉-၈-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၁၅) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၁,၅၀၀) တို့ကို (၂၁-၈-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၈-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီး ကျေးရွာအုပ်စု၊ ချောင်းကြီးကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေစီးနှင့် အတူမျောပါပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀) ဘေးသင့်လူဦးရေ (၁) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂,၁၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၅)မျိုးတို့ကို(၂၄-၈-၂၀၂၃)ရက်နေ့ တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း လေဘေးထောက်ပံ့မှုများ



(၁-၈-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်အတွင်း၌ လေဘေး ဖြစ်ပွားမှုကြောင့် ပျက်စီးလူနေအိမ် (၇) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၄၉၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၂၃)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၈,၃၀၀/-)

တို့ကို (၂-၈-၂၀၂၃) ရက်နေ့တွင် ညောင်းတုန်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁-၈-၂၀၂၃)ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ မိဿလင်ကျေးရွာအုပ်စု၊ မိဿလင်ကျေးရွာ၌ လေဘေး ဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆,၃၀၀/-)တို့ကို (၃-၈-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁-၈-၂၀၂၃) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ သရက်ပင်ဆိပ်ကျေးရွာအုပ်စု၊ သရက်ပင်ဆိပ်(အနောက်) ကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ လူဦး (၁) ဦးသေဆုံးခဲ့ရာ သေဆုံးထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၃-၈-၂၀၂၃) ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃)ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ကန်ချောင်းကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၂) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) တို့ကို (၃-၈-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃)ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ကဿဝင်ကျေးရွာအုပ်စု၊ စီဘီသောင်ကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့်

ပျက်စီးလူနေအိမ် (၆) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၀) ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၄၂,၀၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုး တို့ကို (၄-၈-၂၀၂၃) ရက်နေ့တွင် မအူပင်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရွှေလှေသောင်ကျေးရွာ အုပ်စု၊ လက်ပံကျွန်းကျေးရွာနှင့် ကျွန်းဖျားကျေးရွာတို့၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၁၇) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ် (၉၃၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅၈) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၂၁,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂-၈-၂၀၂၃)ရက်နေ့တွင် မအူပင်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၀) ရပ်ကွက်နှင့် မရမ်းချောင်း ကျေးရွာ အုပ်စု၊ မြန်မာမရမ်းချောင်းကျေးရွာ၌ လေဘေးဖြစ်ပွားမှု ကြောင့် ပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၈) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၃-၈-၂၀၂၃) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ သရက်ချောင်းကျေးရွာအုပ်စု၊ သရက် ချောင်းကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် ပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦးတို့ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၆-၈-၂၀၂၃) ရက်နေ့ တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ ခဲ့ပါသည်။



(၂-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒိုးစီးရပ်ကွက်၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂,၁၀၀/-) တို့ကို (၃-၈-၂၀၂၃) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃)ရက်နေ့တွင် မွန်ပြည်နယ်၊မုဒုံမြို့နယ်၊ ကလော့သော့ကျေးရွာ၊ တောင်ပကျေးရွာနှင့် မြို့မ (၄)ရပ်ကွက်တို့၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၂၈) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၇၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၁၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၃၅,၂၀၀/-) တို့ကို (၄-၈-၂၀၂၃) ရက်နေ့တွင် မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ ကွင်းလျားရှည်ကျေးရွာအုပ်စု၊ တိုးချောင်စုကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂၄၅,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၃,၁၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၃-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၃-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ထုံးကြီးကျေးရွာ၌ လေဘေး ဖြစ်ပွားမှုကြောင့် ပျက်စီးလူနေအိမ် (၁၁) လုံးအတွက် အိမ်ဆောက်ပစ္စည်း ဖိုးထောက်ပံ့ငွေကျပ် (၇၈၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၄၀) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈၄,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၄-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း ခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ညောင်ကုန်းလေးကျေးရွာ၌ လေဘေး ဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်

(၅၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၅) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀ိ/-) တို့ကို (၈-၈-၂၀၂၃) ရက်နေ့တွင် ပေါင်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၈-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်နှင့် ဂေါ့ကျေးရွာအုပ်စုတို့၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၂၅)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀ိ/-) တို့ကို (၉-၈-၂၀၂၃) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၈-၂၀၂၃) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဒီလှိုင်းကျေးရွာနှင့် ရွှေလောင်းကျေးရွာတို့၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၆)လုံးနှင့်အမိုးလန်ဘုန်းကြီးကျောင်း(၁)ကျောင်း အတွက် ကျောင်း/အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၇၅,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၁) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၃,၁၀၀ိ/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၃-၈-၂၀၂၃)ရက်နေ့ တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။




(၈-၈-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဇေယျာသီရိခရိုင်၊ပုဗ္ဗသီရိမြို့နယ်၊ သပြေကုန်း ကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာ၌ လေဘေးဖြစ်ပွားမှု ကြောင့်တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၇)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၅၅,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၂၉) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ် (၆၀,၉၀၀ိ/-)နှင့် ကယ်ဆယ် ရေးပစ္စည်း (၁၆) မျိုး တို့ကို (၁၁-၈-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၈-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သဲကုန်းကျေးရွာနှင့် အောက်သဲကုန်းကျေးရွာတို့၌ လေဘေးဖြစ်ပွားမှုကြောင့် ပျက်စီးလူနေအိမ် (၁၅)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၀၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၆၅) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၃၆,၅၀၀ိ/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၈-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ

(၃-၈-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအုပ်စု၊ မာယုချောင်းဖျားကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ်(၁၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၁,၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄၀)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈၄,၀၀၀/-) တို့ကို (၄-၈-၂၀၂၃) ရက်နေ့တွင် ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၈-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပေါင်မြို့နယ်၊ လက်ပံကျွန်းကျေးရွာအုပ်စု၊ ကုလားစုကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ်(၈)လုံး အတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ (၈၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈၈,၂၀၀/-) တို့ကို (၁၈-၈-၂၀၂၃) ရက်နေ့တွင် ပေါင် မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း မြေပြိုဘေးထောက်ပံ့မှုများ



(၁၃-၈-၂၀၂၃) ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ အေးမြသာယာရပ်ကွက်၊ မနကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ပေါ်မြေပြိုကျမှုကြောင့် သေဆုံးလူဦးရေ (၁၈) ဦးနှင့် ဒဏ်ရာရရှိသူ (၇) ဦးတို့အတွက် သေဆုံး/ ဒဏ်ရာရထောက်ပံ့ငွေကျပ် (၅,၇၅၀,၀၀၀/-) တို့ကို (၁၆-၈-၂၀၂၃) ရက်နေ့တွင် ဖားကန့်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း သောက်သုံးရေသိုလှောင်ရန် ဖိုင်ဘာရေတိုင်ကီတပ်ဆင်ပေးမှု

(၇-၈-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဖယ်ဒိုကျေးရွာ၌(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်၊ ကိုဗစ်-၁၉ ကုစားမှုအစီအစဉ်ဖြင့် သောက်သုံးရေ အမှန်တကယ် ရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေသိုလှောင်ထားရှိရန်အတွက် ဂါလံ(၁၆၀၀)ဆံ့ ဖိုင်ဘာရေတိုင်ကီ (၁) လုံးအား မုဒုံမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သွားရောက် တပ်ဆင်ပေးခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့မှု



(၇-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ချင်းကုန်းကျေးရွာအုပ်စု၊ ဘန့်ဘွေးကွင်းကျေးရွာ၌ တောဆင်ရိုင်းဝင်ရောက်ဖျက်စီးမှုကြောင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) တို့ကို (၁၈-၈-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်း

**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့နှင့် ၄ ရက်နေ့** **နေပြည်တော်**

မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ ဇဗ္ဗူသီရိမြို့နယ်တွင် (၃-၈-၂၀၂၃)မှ(၄-၈-၂၀၂၃) ရက်နေ့အထိ ဇဗ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် သင်တန်းသား (၈၆) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(နမ့်လတ်)တွင် စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့** **ရှမ်းပြည်နယ်**

(၂၁-၈-၂၀၂၃)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်) တွင် စေတနာ့ ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်ပွဲအခမ်းအနား သို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီး ဌာန၊ ရှမ်းပြည်နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ လူမှုရေး အဖွဲ့အစည်းများ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများနှင့် သင်တန်းသားများ စုစုပေါင်း(၅၅)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နံနက်(၁၀:၃၀)နာရီ အချိန်တွင် ရုတ်သိမ်းခဲ့ပါကြောင်း သတင်းရရှိပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(လားရှိုး)တွင်စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့** **ရှမ်းပြည်နယ်**



(၂၅-၈-၂၀၂၃) ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(လားရှိုး)တွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် လားရှိုးခရိုင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် လားရှိုးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာ အသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အရပ်ဖက် မိတ်ဖက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ သတင်းမီဒီယာများ၊ သင်တန်းသားများ နှင့် သင်တန်းနည်းပြများစုစုပေါင်း(၅၀)ဦးခန့်တက်ရောက် ခဲ့ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက်(၁၀:၃၀) နာရီ အချိန်တွင် ရုတ်သိမ်းခဲ့ပါကြောင်း သတင်းရရှိပါသည်။

